

## ခန့်မှန်းချက်

အရွယ်တင်နေသည်ဆိုသော အမိုးတန်းအလှကုန် အသစ်အဆန်းများကို ဗီတာ၏ဇနီး ဝယ်လိုက်သည်။ အဆိုပါ အလှကုန်ပစ္စည်းများကို သုံးပြီးနောက် ခင်ပွန်းဖြစ်သူအား မေးလိုက်သည်။

"ဒါလင်… ကျွန်မမေးတာကို ရိုးရိုးသားသားဖြေပါ၊ ကျွန်မအသက်အရွယ် ဘယ်လောက် နုပျိုသွားသလဲ မှန်းကြည့်စမ်းပါ"

သူမအား သေသေချာချာကြည့်ပြီး ဗီတာကဖြေလေသည်။

"ကိုယ်ပါရစေဦး၊ မင်းရဲ့အသားအရေအရဆိုရင်တော့ မင်းအသက်က (၂၀)နှစ်၊ မင်းဆံပင်ပုံစံအရတော့ (၁၈)နှစ်၊ ကိုယ်လုံးကိုယ်ထည်အရတော့ မင်းအသက်က (၂၅)နှစ်"

ဟု ပြောလေသည်။

"ဟုတ်ရဲ့လားရှင်… ကျွန်မ အဲဒီလောက် နုပျိုသွားသလား"

ဟု ဝမ်းသာအားရပြောလေသည်။ ထိုအခါ ဗီတာ ပြောလိုက်သည်က–

"တကယ်ပြောတာပါ၊ အဲဒီအသက်တွေကို မပေါင်းရသေးဘူးလေ"

❀ ❀ ❀